# ကတ်တလစ်ကျန်းမာရေးစနစ် - အထူးကုသဆောင်များ
# ကျန်းမာရေးစောင့်ရှောက်မှု အကူအညီပေါ်လစီ

ကျွန်ုပ်တို့၏ ခံယူတာဝန်ကို အခြေခံ၍၊ ကတ်တလစ်ကျန်းမာရေးအဖွဲ့သည် ဆေးဝါးကုသမှု လိုအပ်နေမှုကို အခြေခံကာ လူနာအားလုံးကို ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးဖို့အတွက် ဆုံးဖြတ်ထားပြီးဖြစ်သည်။

ငွေကြေးအကူအညီလိုအပ်သော (သို့) ယာယီ ငွေကြေးအခက်အခဲ တွေ့ကြုံနေသော လူနာများအတွက်၊ ကတ်တလစ်ကျန်းမာရေးအဖွဲ့က လျှော့ဈေးနှုန်းထားကုသမှုနှင့် ကျန်းမာရေးဒါနကုသမှုကို သာမက၊ ရေတိုရေရှည် ငွေပေးချေအစီအစဉ်များ အပါအဝင်၊ အကူအညီနှင့် ငွေပေးချေမှုပုံစံအတွက် ရွေးပိုင်ခွင့်အချို့ကိုလည်း ကမ်းလှမ်းပေးထားသည်။

**မည်သူက ကျန်းမာရေးစောင့်ရှောက်မှု အကူအညီအတွက် သတ်မှတ်ချက်ပြည့်မီသလဲ။**
ကတ်တလစ်ကျန်းမာရေးအဖွဲ့သည်၊ ဆေးဝါးကုသမှုအရ လိုအပ်သောဝန်ဆောင်မှုများကို ရရှိကြပေမဲ့ အာမခံကြေးမရှိသော လူနာများအတွက် လျှော့ဈေးနှုန်းထားများဖြင့် ဆောင်ရွက်ပေးသည်။ အာမခံကြေးမရှိသော လျှော့ဈေးငွေပမာဏများကို ဖက်ဒရယ်ဆင်းရဲမှုအဆင့် (Federal Poverty Level (FPL) လမ်းညွှန်ချက်များနှင့် ဝင်ငွေအခြေအနေပေါ်မူတည်၍ အချိုးပြောင်းလဲသွားနိုင်သည့် ဝန်ဆောင်ခနှုန်းထားများကို အခြေခံပါသည်။

CHS ၏ အခြေခံဝန်ဆောင်မှုများကို အနောက်နယူးယောက်မှ အကြီးဆုံးအုပ်ချုပ်ရေးနယ် ငါးနယ်တွင် ပေးနေသော်လည်း၊ အရေးပေါ်ဝန်ဆောင်မှုများ လိုအပ်နေသည့် နယူးယောက်ပြည်နယ်ရှိ မည်သူမဆို၊ ထိုသူက ကုသမှုကို ရယူနိုင်ပြီး၊ ထိုသူတွင် ကျန်းမာရေးအာမခံ ရှိမထားလည်း လျှော့ဈေးနှုန်းထားကို ရနိုင်သည်။

ထို့ပြင်၊ နယူးယောက်ပြည်နယ်၌ နေထိုင်သူတိုင်းသည် ကျန်းမာရေးအာမခံ မရှိကြလျှင်လည်း၊ အရေးပေါ်ကုသမှု-မဟုတ်ပေမဲ့ CHS အထူးကုဆောင်များတွင် ဆေးဝါးကုသမှုအရ လိုအပ်သည့်ဝန်ဆောင်မှုများအတွက် လျှော့ဈေးနှုန်းထားကို ရနိုင်သည်။ သင့်၌ ငွေကြေးအကူအညီ လိုအပ်နေသော အကြောင်းကြောင့်၊ ဆေးဝါးကုသမှုအရ လိုအပ်သည့်ကုသမှုအတွက် သင့်ကို ငြင်းပယ်လိမ့်မည်မဟုတ်ပါ။

သင့်အနေနှင့် အခြားနိုင်ငံမှ အခြေချရန် ဝင်လာသော အခြေအနေများကို ပမာနမထားဘဲ လျှော့ဈေးနှုန်းထားအတွက် လျှောက်လွှာတင်နိုင်ပါသည်။

**ဝင်ငွေကန့်သတ်ချက်များက ဘယ်အရာတွေလဲ။**
ဝင်ငွေကန့်သတ်ချက်များအနေဖြင့် သတ်မှတ်ချက်မရှိပါ။ ကျန်းမာရေးအာမခံအကာအကွယ် ရှိမထားသော လူနာအားလုံးသည်၊ ကတ်တလစ်ကျန်းမာရေးစနစ်၏ အာမခံကြေးမရှိသောစံနှုန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု အကူအညီပရိုဂရမ် (HAP) ပေါ်လစီများကို အခြေခံ၍ လျှော့ဈေးနှုန်းထားရနိုင်သော အလားအလာအတွက် သတ်မှတ်ချက်ပြည့်မီပါလိမ့်မည်။

မိမိတို့၏ ငွေကြေးတာဝန်ယူမှုအပိုင်းမှ ပေးငွေအချို့ (သို့) ပေးငွေအားလုံးကို မပေးနိုင်သော လူနာများသည်၊ ရေတို (သို့) ရေရှည် ငွေပေးချေအစီအစဉ်များအတွက် သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်။ သင့်ပေငွေများ၏ ပမာဏသည် သင့်ဝင်ငွေ၏ ပမာဏအပေါ် မူတည်သည်။

ငွေကြေးအကူအညီအတွက် သတ်မှတ်ချက်ပြည့်မီသော လူနာများသည်၊ သက်ကြီးရွယ်အိုများအတွက် ဆေးဝါးအကူအညီပေးမှုစီမံကိန်း၏ လျှော့ဈေးပေးသော နှုန်းထားထက် ကျော်လွန်၍ ငွေရေးကြေးရေးအားဖြင့် တာဝန်ယူရမည်မဟုတ်ပါ။

လူနာ၏ ကျန်းမာရေးစစ်ဆေးခ ပုံသေမျှခံစရိတ်များနှင့် ကနဦးစိုက်ထုတ်ငွေပမာဏများ အနေနှင့်ဆိုလျှင်၊ ကျန်းမာရေးစောင့်ရှောက်မှု အကူအညီပရိုပရမ် အောက်က လျှော့ဈေးနှုန်းထားများအတွက် သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်။

**တစ်ဦးဦးက ကျွန်ုပ်ကို ပရိုဂရမ်အကြောင်း ရှင်းပြဖို့ ကူညီနိုင်မလား။ လျှောက်လွှာတင်ဖို့အတွက် တစ်ဦးဦးက ကျွန်ုပ်ကို ကူညီနိုင်သလား။**
ဟုတ်ကဲ့၊ ကူညီနိုင်ပါတယ်။ အခမဲ့နှင့် အတွင်းရေးအဖြစ်လျှို့ဝှက်ထားမည့် အကူအညီမျိုး ရနိုင်ပါသည်။ ဘဏ္ဍာရေးစာရင်းဌာနကို 601-3600 ဖြင့် ဆက်သွယ်ပါ။

အကယ်၍ သင်သည် ဆင်းရဲသားများအတွက် ဆေးဝါးအကူအညီပေးမှုစီမံကိန်း၊ ကလေးကျန်းမာရေးပလပ်စ် (သို့) မိသားစုကျန်းမာရေးပလပ်စ် ကဲ့သို့သော အမခဲ့ (သို့) စရိတ်-နည်း အာမခံအတွက် သတ်မှတ်ချက်ပြည့်မီနိုင်လျှင်၊ အကြံပေးပုဂ္ဂိုလ်တစ်ဦးက သင့်ကို ပြောပြနိုင်သည်။

အကယ်၍ သင့်၌ ကျန်းမာရေးအာမခံ မရှိသော်လည်း၊ CHS အထူးကုသဆောင်တစ်ခုမှာ ကုသဖို့ လိုအပ်လျှင်၊ စာရင်းသွင်းစာရေးတစ်ဦးက စာရင်းသွင်းသောအချိန်အတွင်း အကူအညီအတွက် လျှောက်လွှာတင်သောအခါ သင့်ကို ကူညီပါလိမ့်မည်။ ဘဏ္ဍာရေးစာရင်းဌာနကို 601-3600 ဖြင့် ဆက်သွယ်၍လည်း နောင်တစ်နေ့နေ့တွင် လျှောက်လွှာတင်နိုင်သည်။

အကယ်၍ သင် အင်္ဂလိပ်စကား မပြောလျှင်၊ တစ်ဦးဦးက သင့်ပြောသော ဘာသာစကားအတွက် ကူညီပါလိမ့်မည်။

**ကျန်းမာရေးအာမခံ ဈေးကွက်**
တတ်နိုင်စွမ်းစောင့်ရှောက်မှုအက်ဥပဒေ (The Affordable Care Act ACA) မှ၊ US အတွင်း တရားဝင်နေထိုင်သူတိုင်းကို 2014 ခုနှစ်၊ ဇန်နဝါရီ 1 ရက်နေ့မှ စတင်၍ ကျန်းမာရေးအာမခံထားရှိကြဖို့ ပြဋ္ဌာန်းထားသည်။ ၎င်းသည် အာမခံအနည်းအကျဉ်းကိုသာ ထားနိုင်သော (သို့) အာမခံလုံးဝရှိမထားသော သန်းချီလူထုအတွက် ကွဲပြားသော စရိတ်အတန်းအစားများဖြင့် ကျန်းမာရေးစီမံကိန်းများကို သုံးရန် အခွင့်အလမ်းပေးထားသည်။ ဥပဒေသည် မိသားစုဦးရေနှင့် ဝင်ငွေအပေါ်မူတည်၍ သတ်မှတ်ချက်ပြည့်မီသူများကိုလည်း ငွေကြေးအကူအညီပေးပါသည်။ 2013 ခုနှစ် အောက်တိုဘာလမှ အစပြု၍၊ သင်သည် သင်၏ ဘတ်ဂျက်ငွေနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တို့ဖြင့် ကိုက်ညီသော စီမံကိန်းတစ်ခုအတွက် တစ်ခါတည်းဝန်ဆောင်မှုအပြီးပြတ်ဝယ်ယူနိုင်သော နေရာဖြစ်သည့် ကျန်းမာရေးအာမခံဒိုင်အဖြစ် လူသိများသော အွန်လိုင်းကျန်းမာရေးအာမခံဈေးကွက်တွင် အာမခံဝယ်ယူနိုင်စွမ်း ရှိလာခဲ့ပြီးဖြစ်သည်။